# ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီ

## Interim University Council - University of Yangon

အီးမေးလ်: contact@yangonuniversity.org ၊ Facebook: https://www.facebook.com/uyinterimcouncil၊ လိပ်စာ: ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကာကွယ်ရေးမူဝါဒနှင့် ပတ်သက်၍ ရှင်းလင်းချက်

ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီမှ ရေးဆွဲထားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကာကွယ်ရေးမူဝါဒအပေါ် ကျောင်းသား၊ ကျောင်းသူများ၏ အကြံပြုချက်များစွာရရှိသည်။ အချို့သော အကြံပြုချက်များအား မည်သည့်အကြောင်းအရင်းများကြောင့် မူဝါဒထဲ မထည့်သွင်းဖြစ်ကြောင်းကို ကောင်စီမှ ရှင်းလင်းလိုသည်။

အကြံပေးချက်များနှင့် မေးခွန်းများအပေါ်မူတည်၍ မူဝါဒအား အောက်ပါအပိုင်းများတွင် ပြင်ဆင်ထားသည်။ ပြင်ဆင်ချက်များအား မူဝါဒတွင် အဝါရောင် highlight များဖြင့် ပြထားသည်။

စီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍

တက္ကသိုလ်နှင့်သက်ဆိုင်သူအချင်းချင်းကြားတွင်လည်းကောင်း၊ တက္ကသိုလ်နှင့်သက်ဆိုင်သူနှင့် မသက်ဆိုင်သူ ကြားတွင် လည်းကောင်း မည်သည့်နေရာတွင်မဆို၊ တက္ကသိုလ်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ လိင်အကြမ်းဖက်မှုကျူးလွန်ခြင်း၊ ကျူးလွန်ခံရခြင်းများဖြစ်ပွားပါက ဤမူဝါဒအရ စီရင်ပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း ဖြည့်စွက်ပြဌာန်းထားသည်။ တက္ကသိုလ်နှင့် မသက်ဆိုင်သူများအချင်းချင်းကြားဖြစ်ပွားသော အမှုများကိုလည်း တက္ကသိုလ် ပရဝဏ်အတွင်းတွင်ဖြစ်ပွားသရွေ့ကာလပတ်လုံး ဤမူဝါဒအရ စီရင်ပိုင်ခွင့်ရှိမည်ဖြစ်သည်။

ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍

ကောင်စီအနေနှင့် မူလတွင် ပြစ်ဒဏ်များကို ကျူးလွန်မှု အဆင့်ခွဲ၍ စီရင်ရန်ဆုံးဖြတ်ခဲ့သော်လည်း ကျူးလွန်ခံရသူ၏ ရှုထောင့်မှ စဥ်းစားဆုံးဖြတ်ပါက မည်မျှသေးငယ်သော ကျူးလွန်မှုပင်ဖြစ်စေ ကျူးလွန်ခံရသူ၌ဖြစ်ပွားသော ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုမှာ အတူတူပင်ဖြစ်သည်ဟု ဆင်ခြင်၍ ကျူးလွန်မှုအားလုံးကို တူညီသောပြစ်ဒဏ်ပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကောင်စီနှင့် ခုံရုံး အနေဖြင့် ကျူးလွန်မှုအခြေအနေပေါ်မူတည်၍ သင့်လျော်သောအပြစ်ဒဏ်ကို တစ်ခုခြင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ၎င်းတို့၏ ဆင်ခြင်တုံတရားပေါ်မူတည်၍ သင့်လျော်သလို ချမှတ်နိုင်ရန် ဖြည့်စွက်ပြဋ္ဌာန်းထားသည်။

မှားယွင်းတိုင်ကြားမှုနှင့်စပ်လျဥ်း၍

မှားယွင်းတိုင်ကြားမှုများဖြစ်ပွားပါက ကောင်စီနှင့် ခုံရုံးသည် ၎င်းမှားယွင်းမှုမှာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်မှုဖြစ်ခြင်း မဖြစ်ခြင်းကို ဆုံးဖြတ်၍ ဂုဏ်သိက္ခာပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထင်ရှားပါက ထိုသို့ဆောင်ရွက်သောသူအား သီးခြားအရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း ဖြည့်စွက်ပြဋ္ဌာန်းထားသည်။ ကောင်စီအနေနှင့်လည်း ကျူးလွန်ကြောင်းစွပ်စွဲခံရသည် အကျင့်စာရိတ္တပျက်ပြားမှုမရှိကြောင်း၊ မှားယွင်းစွပ်စွဲခံရခြင်းဖြစ်ကြောင်းကို အများသိရှိစေနိုင်ရန် ကြေငြာထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အဆိုပါပြင်ဆင်ချက်များအပြင် ဤမူဝါဒနှင့်ပတ်သက်၍ မေးမြန်းသောမေးခွန်းများကိုလည်း ကောင်စီအနေဖြင့် ဖြေကြားလိုသည်။

၁။ ပြစ်ဒဏ်ပေးရာတွင် ကောင်စီ၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်နေမလားဟူ၍လည်းကောင်း၊ ကောင်စီ၏ လုပ်ပိုင်ခွင့်ကိုသော်လည်းကောင်း မေးခွန်းထုတ်ခြင်းရှိသည်။ ကောင်စီအနေဖြင့် ဖြေကြားလိုသည်မှာ တက္ကသိုလ်မြေအတွင်းရှိသမျှ၊ ဖြစ်ပွားသမျှအရာများကို တက္ကသိုလ်၊ ကျောင်းသား၊ ဆရာ၊ ဝန်ထမ်းတို့ပါသည့် အုပ်ချုပ်ရေးအဖွဲ့က အပြည့်အဝစီမံပိုင်ခွင့်ရှိသည်။ တက္ကသိုလ်သည် တက္ကသိုလ်နှင့် သက်ဆိုင်သူများသာ အာဏာရှိသည့်နေရာဖြစ်ပြီး တက္ကသိုလ်နယ်မြေကို အစိုးရက မပိုင်ပေ။ တက္ကသိုလ်နယ်မြေအတွင်းသို့ ရဲများ၊ စစ်သားများဝင်ခြင်းကို ယခင်တည်းက ကန့်ကွက်ခဲ့မှုများလည်းရှိသည်။ ယခုကောင်စီကိုလည်း တက္ကသိုလ်၏ အခြေခံဖြစ်သော ဆရာ၊ ကျောင်းသား၊ ဝန်ထမ်းသမဂ္ဂအင်အားစုများဖြင့် ဖွဲ့စည်းထားသောကြောင့် တက္ကသိုလ်နှင့် ပတ်သက်သော အရေးအရာများအားလုံး၏ လုပ်ပိုင်ခွင့်သည် ကောင်စီတွင်ရှိသည်။ သို့သော် ပြစ်ဒဏ်ပေးရာတွင် ပစ္စည်းသိမ်းခြင်းကို အကြံပေးချက်များအတိုင်း မူဝါဒတွင် ဖြုတ်ထားလိုက်သည်။

၂။ တက္ကသိုလ်ကောင်စီအား တရားဝင်ဖွဲ့နိုင်ရန်အတွက် အစိုးရနှင့် အာမခံချက်၊ သဘောတူညီချက် လုပ်ထားခြင်းရှိသလားဟု မေးမြန်းချက်ရှိသည်။ တက္ကသိုလ်ကောင်စီ၏ လုပ်ပိုင်ခွင့်အား အစိုးရက ဝင်မစွက်ဖက်ရန်အတွက် တက္ကသိုလ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရ (NUG) ၏ ပညာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်ရရှိပြီးဖြစ်သည်။ စစ်ကောင်စီအား အစိုးရဟု မသတ်မှတ်သည့်အတွက် စစ်ကောင်စီနှင့်သော်လည်းကောင်း၊ စစ်ကောင်စီက ခန့်အပ်ထားသော ကျောင်းအုပ်ချုပ်ရေးများနှင့်သော်လည်းကောင်း ညှိနှိုင်းထားခြင်းမရှိပါ။

၃။ မူဝါဒတွင် ပြစ်မှုကျူးလွန်သူအား အယူခံဝင်ခွင့်မပေးခြင်းနှင့် ပတ်သက်၍ မေးမြန်းမှုများရှိသည်။ အယူခံဝင်ခွင့်မပေးထားခြင်းမှာ ခုံရုံးသည် တရားမျှတမှုအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်သည့် mechanism ဖြစ်သည်။ ကောင်စီတွင် အမှုတစ်ခုစတင်သည်နှင့် သက်သေမှန်၊ မမှန် စိစစ်ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိနေသောကြောင့် အယူခံဝင်ခွင့်ထပ်ပေးလျှင် အဆင့်များ၍ ရှုပ်ထွေးကုန်မည်ဖြစ်ရာ ခုံရုံးကိုသာ အာဏာကုန်လွှဲအပ်ထားခြင်းဖြစ်သည်။

၄။ ခုံရုံးက ချမှတ်သော ပြစ်ဒဏ်နှင့် တားမြစ်ချက်များအား မလိုက်နာပါက မည်သို့ပြုလုပ်မည်နည်းဟု မေးမြန်းခြင်းလည်းရှိသည်။ ပုဒ်မ ၂၇ တွင် ဖော်ပြထားသည့်အတိုင်း ခုံရုံးက ချမှတ်သော ပြစ်ဒဏ်များအား မလိုက်နာပါက ပိုမိုကြီးလေး ပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်များ ထပ်မံချမှတ်နိုင်သည်။

၅။ သက်တမ်းနှင့်စပ်လျဉ်း၍ ခုံရုံး၏ သက်တမ်းသည် တစ်နှစ်ဖြစ်သည့်အတွက် အမှုများကိုလည်း တစ်နှစ်အတွင်း အပြီးစီရင်ရန် အကြံပြုချက်ရရှိသည်။ သို့သော် ခုံရုံး၏ သက်တမ်းသည် စီရင်မှု ပြီးဆုံးခြင်းထက် ၎င်းထံ အမှုစတင်ရောက်ရှိသည့်နေ့ကို သက်ရောက်ရန်ရည်ရွယ်သည်။ ထို့ပြင် ခုံရုံးသည် ၎င်းစိစစ်ဆဲအမှုများကို အမှုပြီးဆုံးသည့်တိုင် စိစစ်သင့်သည်ဟု ကောင်စီက မှတ်ယူသည်။ ထို့ကြောင့် ခုံရုံသက်တမ်းအတွင်း တင်သွင်းသည့် အမှုများကို အဆုံးသတ်စီရင်ချက်ချပြီးသည်အထိ ခုံရုံးက စီရင်ခွင့်ရှိကြောင်း ဖြည့်စွက်ပြဋ္ဌာန်းထားသည်။

အကြံပြုကြခြင်း၊ ဆွေးနွေးမေးမြန်းကြခြင်းအတွက် ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီမှ ကျေးဇူးတင်ပါသည်။

(ပုံ)
ကြားကာလတက္ကသိုလ်ကောင်စီ
ရန်ကုန်တက္ကသိုလ်

# ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီ

## Interim University Council - University of Yangon

အီးမေးလ်: contact@yangonuniversity.org ၊ Facebook: https://www.facebook.com/uyinterimcouncil၊ လိပ်စာ: ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကာကွယ်ရေးမူဝါဒ

## အခန်း(၁)
## ရည်ရွယ်ချက်

၁။ "ကြားကာလတက္ကသိုလ်ကောင်စီ - ရန်ကုန်တက္ကသိုလ်"သည် အောက်ပါရည်ရွယ်ချက်တို့ကို အကောင်အထည်ဖော်ရန် မျှော်ကိုး၍ ဤ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကာကွယ်ရေးမူဝါဒကို ပြဋ္ဌာန်းသည်။

(က) ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ နှင့် ဝန်ထမ်းများအားလုံး မည်သည့်လိင်စိတ်ခံယူမှုမရွေး လိင်ပိုင်းဆိုင်ရာအားဖြင့် အကြမ်းဖက်ပြုမူနှောင့်ယှက်မှုများ ကြုံတွေ့ရခြင်းမှ ကာကွယ်နိုင်ရန်

(ခ) ထိုသို့ လိင်ပိုင်းဆိုင်ရာအားဖြင့် အကြမ်းဖက်ပြုမူနှောင့်ယှက်မှုများ ကြုံတွေ့လာရပါကလည်း ကျူးလွန်သူများအား ၎င်းတို့၏ ကျူးလွန်မှုများအတွက် တရားမျှတမှုရှိစွာ အရေးယူအပြစ်ပေးဆောင်ရွက်နိုင်ရန်

(ဂ) ရန်ကုန်တက္ကသိုလ်အား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကင်းစင်၍ အေးချမ်းစွာပညာသင်ကြားနိုင်သော ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဖန်တီးနိုင်ရန်

## အခန်း(၂)
## အဓိပ္ပါယ်ဖွင့်ဆိုချက်

၂။ ဤမူဝါဒပါ စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အနက်အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) **လိင်အကြမ်းဖက်မှု** ဆိုသည်မှာ ကျူးလွန်သူနဲ့ ကျူးလွန်ခံရသူ၏ လိင်စိတ်ခံယူချက်နှင့် လိင်သဘောသဘာဝကို အခြေမခံစေဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမဆို ကိုယ်အားဖြင့်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ ဖုန်းပေါ်မှ ဖြစ်စေ၊ မည်သည့်အင်တာနက်လူမှုမီဒီယာမှဖြစ်စေ၊ ၎င်း၏ အလိုဆန္ဒနှင့်ဆန့်ကျင်လျက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လိင်ပိုင်းဆိုင်ရာအားဖြင့် ၎င်းအားဦးတည်၍ ဆောင်ရွက်ပြုမူပြောဆိုသော မည်သည့်လုပ်ရပ်ကိုမဆို ဆိုလိုသည်။

(ခ) **အားပေးကူညီခြင်း** ဆိုသည်မှာ လိင်အကြမ်းဖက်မှုကျူးလွန်ရာတွင် ကျူးလွန်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျူးလွန်ရာတွင်ပိုမိုလွယ်ကူချောမွေ့စေရန် အကူအညီတစ်ခုခုပေးခြင်း၊ ကျူးလွန်မည်ကို သိလျက်နှင့် လျစ်လျူရှုထားခြင်း တို့ကိုဆိုလိုသည်။

(ဂ) **တက္ကသိုလ်ကောင်စီ** ဆိုသည်မှာ "ကြားကာလတက္ကသိုလ်ကောင်စီ - ရန်ကုန်တက္ကသိုလ်"ကိုဆိုလိုသည်။

(ဃ) **ခုံရုံး** ဆိုသည်မှာ ဤမူဝါဒအရ လိင်အကြမ်းဖက်မှုများကို သင့်လျော်စွာ စီရင်အပြစ်ပေးနိုင်ရန် ဖွဲ့စည်းထားသော ခုံရုံးကိုဆိုလိုသည်။

(င) **အထောက်အကူပြုအဖွဲ့** ဆိုသည်မှာ ဤမူဝါဒအရလိင် အကြမ်းဖက်မှုများကိုကာကွယ်တားဆီးရန်နှင့် လိင်အကြမ်းဖက်မှုများပေါက်ပေါ်လာပါက နစ်နာသူများကို အထောက်အပံ့အကူညီပေးနိုင်ရန် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုလိုသည်။

(စ) **တက္ကသိုလ်နှင့်သက်ဆိုင်သူများ** ဆိုသည်မှာ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ တက္ကသိုလ်ဝန်ထမ်းများနှင့် တက္ကသိုလ်နှင့် မည်သည့်နည်းအားဖြင့်မဆို တစ်နည်းတစ်ဖုံ ဆက်နွယ်နေသူအားလုံးပါဝင်သည်။

## အခန်း (၃)
## တက္ကသိုလ်၏ စီရင်ပိုင်ခွင့်အာဏာ

၃။ အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ရပ်ရပ် ဖြစ်ပွားပေါ်ပေါက်ပါက ၎င်းအမှုအား ဤမူဝါဒအရချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက္ကသိုလ်ကစီရင်ပိုင်ခွင့်ရှိစေရမည်။

(က) တက္ကသိုလ်ပရဝဏ်ထဲတွင်ဖြစ်ပွားသောအမှုများ

(ခ) တက္ကသိုလ်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ တက္ကသိုလ်နှင့်သက်ဆိုင်သောသူများ ထိခိုက်နစ်နာရသောအမှုများ

(ဂ) တက္ကသိုလ်ပရဝဏ်အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေတက္ကသိုလ်နှင့်သက်ဆိုင်သောသူများက ကျူးလွန်သောအမှုများ

၄။ အထက်ဖော်ပြပါအပိုဒ်ပါအခြေအနေများနှင့် ကိုက်ညီနေသောအမှုများကို အခြားတက္ကသိုလ် သို့မဟုတ် အဖွဲ့အစည်းများက စီရင်လျက်ရှိနေလျှင်လည်း ဤတက္ကသိုလ်မှထပ်ဆင့်စီရင်ပိုင်ခွင့်ရှိသည်။

၅။ တက္ကသိုလ်၏ စီရင်ပိုင်ခွင့်အာဏာသက်ရောက်မှုအတွင်း ရှိနေလျှင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားတခြားသူက တိုင်ကြားမှုပြုသည့်အခါ တက္ကသိုလ်မှစီရင်ပိုင်ခွင့်ရှိသည်။ တိုင်ကြားမှုမရှိသော်လည်း ကျူးလွန်မှုနှင့်စပ်လျဉ်း၍ ကျော်ဇောသတင်းရှိသည့်အခါတွင်လည်း တက္ကသိုလ်မှစီရင်ပိုင်ခွင့်ရှိသည်။

## အခန်း(၄)
## ခုံရုံး

၆။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားပေါ်ပေါက်ပါက ကျူးလွန်သူအား စီရင်အပြစ်ပေးနိုင်စေရန်ရည်ရွယ်၍ ခုံရုံးကို အောက်ပါအတိုင်းဖွဲ့စည်းထားရှိသည်။

၇။ ခုံရုံးအဖွဲ့ဝင်များ

(က) ခုံရုံးအား အမြဲတမ်းအဖွဲ့ဝင် ၅ ဦးနှင့် ဖြစ်ပွားသောအမှုပေါ်အခြေခံ၍ လိုအပ်သောအခါ ထည့်သွင်းဖွဲ့စည်းသောယာယီအဖွဲ့ဝင် ၂ဦး၊ စုစုပေါင်း ၇ ဦးဖြင့်ဖွဲ့စည်းသည်။

(ခ) အမြဲတမ်းအဖွဲ့ဝင် ၅ ဦးကို သမာသမတ်ကျမှု၊ တရားမျှတမှုရှိစွာ ဆောင်ရွက်နိုင်မှုနှင့် ဤမူဝါဒပါ ရည်ရွယ်ချက်နှင့် စံတန်ဖိုးများကိုကောင်းစွာ နားလည်သဘောပေါက်နိုင်မှုတို့အပေါ် အခြေခံ၍ အောက်ဖော်ပြပါအတိုင်း တက္ကသိုလ်ကောင်စီမှ ဖွဲ့စည်းတင်မြှောက်သည်။
(၁) တက္ကသိုလ် ဆရာ၊ ဆရာမများအနက်မှ တစ်ဦး
(၂) တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအနက်မှ တစ်ဦး
(၃) တက္ကသိုလ်ကောင်စီမှ တစ်ဦး
(၄) တက္ကသိုလ်ဝန်ထမ်းများအနက်မှ တစ်ဦး
(၅) ဥပဒေကျွမ်းကျင်ပညာရှင်တစ်ဦး

(ဂ) ခုံရုံးယာယီအဖွဲ့ဝင် ၂ ဦးအား ဖြစ်ပွားသော အမှု၏သဘောသဘာဝအပေါ် အခြေခံ၍ လိုအပ်သောအခါ အမှုစီရင်ဆုံးဖြတ်ရာတွင် အထောက်အကူပြုနိုင်မည့်သူများအား အထောက်အကူပြုအဖွဲ့၏ ထောက်ခံအကြံပြုချက်ဖြင့် တက္ကသိုလ်ကောင်စီမှ ခန့်အပ်တင်မြှောက်ရမည်။

(ဃ) ခုံရုံး၏သက်တမ်းသည် တက္ကသိုလ်စာသင်နှစ်တစ်နှစ် ဖြစ်သည်။

(င) ခုံရုံးအဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ အမှုစီရင်စစ်ဆေးရာတွင် အဂတိမှုများ၊ ဘက်လိုက်မှုများနှင့် အကျိုးကျေးဇူး ပဋိပက္ခများ ပေါ်ပေါက်ပါက ခုံရုံးအဖွဲ့ဝင်များအား တက္ကသိုလ်ကောင်စီမှ အချိန်မရွေး တာဝန်မှဆိုင်းငံ့ခြင်း၊ထုတ်ပယ်ခြင်းနှင့် အစားထိုးခန့်ထားခြင်းများကို လိုအပ်သလိုပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၈။ ခုံရုံး၏တာဝန်ဝတ္တရားနှင့် လုပ်ပိုင်ခွင့်အာဏာများ

(က) ခုံရုံးသည် တိုင်ကြားမှုပြုလာသော အမှုကိစ္စများ၊ တိုင်ကြားမှုမရှိသော်လည်း ကျော်ဇောသတင်းကြောင့် ခုံရုံးသို့ တင်သွင်းလာသောအမှုကိစ္စတိုင်းကို တရားမျှတမှုနှင့် နောင်တွင်မဖြစ်ပေါ်စေရေးကို ရှေးရှု၍ စီရင်ဆုံးဖြတ်ရမည်။

(ခ) ခုံရုံးသည် ၎င်းထံသို့ တင်သွင်းလာသောအမှုကိစ္စတိုင်းကို စီရင်ရာတွင် ဤမူဝါဒအရ ချမှတ်ထားသော စီရင်မှုစည်းမျဉ်းနည်းလမ်းများအတိုင်းသာ စီရင်ရမည်။

(ဂ) ခုံရုံးသည် ကျူးလွန်သူအား ဆင့်ခေါ်ပိုင်ခွင့် စစ်ဆေးမေးမြန်းပိုင်ခွင့် နှင့် စီရင်ဆဲကာလအတွင်း တားမြစ်မိန့်များချထားပိုင်ခွင့်တို့ရှိသည်။

(ဃ) ခုံရုံးသည် ၎င်းထံသို့ တင်သွင်းလာသောအမှုကိစ္စများကို စစ်ဆေးပြီးနောက် ကျူးလွန်သူသည် ပြစ်မှုထင်ရှားကြောင်းစီရင်ခံရပါက ဤမူဝါဒအရ ချမှတ်ထားသော ပြစ်ဒဏ်များအတိုင်း ချမှတ်စီရင်ပိုင်ခွင့်ရှိသည်။

(င) ခုံရုံးသည် စီရင်ဆုံးဖြတ်ချက်ချရာတွင် ခုံရုံးအဖွဲ့ဝင်တိုင်း၏ သဘောထားဆန္ဒကိုရယူပြီး အဖွဲ့ဝင်များ၏အများသဘောဆန္ဒအတိုင်း စီရင်ချက်ကိုချမှတ်ရမည်။

(စ) ခုံရုံးသည် အမှုကိစ္စတိုင်းတွင် စီရင်ဆုံးဖြတ်ချက်ချရာတွင် မည်သည့်အကြောင်းခြင်းရာကို မည်သို့သော စဥ်းစားဆင်ခြင်သုံးသပ်မှုမျိုးအသုံးပြု၍ စီရင်ကြောင်းကို လူအများသိနိုင်စေရန် စီရင်ချက်အကျဥ်းချုပ်ကို ထုတ်ပြန်ပေးရမည်။

(ဆ) ခုံရုံးသည် ၎င်း၏သက်တမ်းအတွင်း တိုင်ကြားတင်သွင်းလာသော အမှုများကို အဆုံးသတ်စီရင်ချက်ချပြီးသည်အထိ စီရင်ပိုင်ခွင့်ရှိသည်။

(ဈ) ခုံရုံး၏ စီရင်ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။ အယူခံပိုင်ခွင့်မရှိစေရ။

## အခန်း (၅)
## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေး အထောက်အကူပြုအဖွဲ့

၉။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်နှင့် အကယ်၍ဖြစ်ပွားပေါ်ပေါက်ပါက နစ်နာသူများအား လိုသော အကူအညီ အထောက်အပံ့များပေးအပ်နိုင်ရန် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အထောက်အကူပြုအဖွဲ့ကို တက္ကသိုလ်ကောင်စီ၏ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းထားရှိရမည်။

၁၀။ အဖွဲ့ဝင်များ

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အထောက်အကူပြုအဖွဲ့သည် ၎င်း၏ရုံးအဖွဲ့နှင့် အဖွဲ့ဝင်များကို တက္ကသိုလ်ကောင်စီ၏ကြီးကြပ်မှုဖြင့် လွပ်လပ်စွာဖွဲ့စည်းနိုင်သည်။

၁၁။ အဖွဲ့၏ လုပ်ငန်းတာဝန်များ

(က) တက္ကသိုလ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမဖြစ်ပွားစေရန် အတွက် သင့်လျော်သော ပညာပေးလုပ်ငန်းများ နှင့် အစီအမံများအား အခါအားလျော်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အကယ်၍ဖြစ်ပွားပေါ်ပေါက်ပါက နစ်နာသူများကို လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုလည်ကုစားမှုများ ရရှိစေရန်ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ကျူးလွန်သူများကိုလည်း နည်းလမ်းတကျ စီရင်အပြစ်ပေးနိုင်စေရန် တက္ကသိုလ်ကောင်စီနှင့် ခုံရုံးအား ကူညီဆောင်ရွက်ရမည်။

## အခန်း(၆)
## စစ်ဆေးစီရင်မှုစည်းမျဉ်းနည်းလမ်းများ

၁၂။ နစ်နာသူသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခံရကြောင်း တိုင်ကြားရာ၌ ခိုင်လုံသော မူရင်းသက်သေများ တင်ပြ၍တိုင်ကြားရန်လိုအပ်သည်။

၁၃။ နစ်နာသူသည် မိမိကိုယ်တိုင်ကြားခြင်းပြုရန်၊ သက်သေတင်ပြရန် အခက်အခဲရှိပါက ကိုယ်စားလှယ်တစ်ဦးဦးမှတစ်ဆင့် ဆောင်ရွက်နိုင်သည်။

၁၄။ တိုင်ကြားခံရပါက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် နစ်နာသူနည်းတူ ခိုင်လုံသော မူရင်းသက်သေများတင်ပြပိုင်ခွင့်ရှိသည်။

၁၅။ မျက်မြင်သက်သေများရှိပါကလည်း နစ်နာသူနှင့် စွပ်စွဲခံရသူ နှစ်ဦးနှစ်ဖက်လုံးမှ မျက်မြင်သက်သေ တင်ပြပိုင်ခွင့်ရှိသည်။

၁၆။ ကျော်ဇောသတင်းကြောင့် တက္ကသိုလ်ကောင်စီမှ စုံစမ်းစစ်ဆေးပြီး စွဲချက်တင်ခံရသောသူများသည်လည်း ခိုင်လုံသောမူရင်းသက်သေနှင့် မျက်မြင်သက်သေများ တင်ပြပိုင်ခွင့်ရှိသည်။

၁၇။ သက်သေများခိုင်လုံမှုရှိမရှိကို တက္ကသိုလ်ကောင်စီမှ ဆုံးဖြတ်နိုင်သည်။

၁၈။ နှစ်ဦးနှစ်ဖက်စလုံးမှ ခိုင်လုံသော သက်သေများမတင်ပြနိုင်သော အမှုများ နှင့် သက်သေကောင်းစွာတင်ပြနိုင်ခြင်းမရှိသော အမှုများကို ခုံရုံးမှ စီရင်စစ်ဆေးရမည်။

၁၉။ ကျူးလွန်ကြောင်းစွပ်စွဲခံရသူသည် ၎င်းမကျူးလွန်ကြောင်း ထင်ရှားသည့် သက်သေအထောက်အထားမတင်ပြနိုင်သည့်အပြင် ၎င်းကျူးလွန်ကြောင်း သက်သေအထင်အရှားပြနိုင်သော မူရင်းသက်သေများ (ဓါတ်ပုံ၊အသံဖိုင်၊ရုပ်သံမှတ်တမ်း) ရရှိပေါ်ပေါက်ပါက ကျူးလွန်ကြောင်းစွပ်စွဲခံရသူကို တက္ကသိုလ်ကောင်စီမှ တရားခံအဖြစ်တိုက်ရိုက်သတ်မှတ်ကာ ပြစ်ဒဏ်များချမှတ်နိုင်သည်။

၂၀။ အမှုစီရင်စစ်ဆေးရာတွင် ခုံရုံးနှင့် တက္ကသိုလ်ကောင်စီတို့သည် နစ်နာသူ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားမှုမရှိစေရန် အထူးဂရုပြုဆောင်ရွက်ရမည်။

၂၁။ ကျူးလွန်ကြောင်းစွပ်စွဲခံရသူသည် တက္ကသိုလ်ကောင်စီဝင် သို့မဟုတ် ခုံရုံးအဖွဲ့ဝင်ဖြစ်ပါက တိုင်ကြားမှုရလက်ခံရရှိချိန်မှစ၍ ၎င်းကို ကောင်စီမှယာယီတာဝန်ရပ်ဆိုင်းထားရမည်။ ကျူးလွန်ကြောင်းရှားပါက ပြစ်ဒဏ်များအတိုင်းစီရင်ပြီး၊ အပြစ်မရှိကြောင်းထင်ရှားပါက ကောင်စီဝင်အဖြစ် မူလတာဝန်များကိုပြန်လည်ထမ်းဆောင်စေရမည်။

**အခန်း(၇)**
**ပြစ်ဒဏ်များ**

၂၂။ လိင်အကြမ်းဖက်မှုကို ကျူးလွန်ရာတွင် ကျူးလွန်သူသည် ကျောင်းသား သို့မဟုတ် ကျောင်းသူဖြစ်ပါက

(က) တစ်ဦးတစ်ယောက်ကို ပထမဆုံးအကြိမ် မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁) ပြင်းထန်စွာသတိပေးခြင်း
(၂) တက္ကသိုလ်အတွင်း အဆောင်နေခွင့်ပိတ်ပင်ခြင်း
(၃) အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း
(၄) နစ်နာကြေးပေးစေခြင်း
(၅) လူမှုရေးပြစ်ဒဏ်အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း ကြေညာထုတ်ပြန်၍ တက္ကသိုလ် အသိုင်းအဝန်းမှ ပယ်ကျဥ်ခြင်း

(ခ) အကြိမ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထဲတွင် လူအများကို မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁) တက္ကသိုလ်မှ ထုတ်ပယ်ခြင်း
(၂)အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း
(၃) နစ်နာကြေးပေးစေခြင်း၊
(၄) လူမှုရေးပြစ်ဒဏ်အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း ကြေညာထုတ်ပြန်၍ တက္ကသိုလ် အသိုင်းအဝန်းမှ ပယ်ကျဥ်ခြင်း
(၅) တက္ကသိုလ်ကောင်စီနှင့် အချိတ်အဆက်ရှိသော ပြည်တွင်းပြည်ပရှိ အခြားတက္ကသိုလ်များကို အမည်ပျက်စာရင်းသွင်းကြောင်း အသိပေးစေခြင်း
(၆) တက္ကသိုလ်သို့ လာရောက်ခွင့် ရာသက်ပန် ပိတ်ပင်ခြင်း

၂၃။ လိင်အကြမ်းဖက်မှုကို ကျူးလွန်ရာတွင် ကျူးလွန်သူသည် ဆရာ၊ဆရာမ သို့မဟုတ် ဝန်ထမ်းဖြစ်ပါက

(က)တစ်ဦးတစ်ယောက်ကို ပထမဆုံးအကြိမ် မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁) ရာထူးမှထုတ်ပယ်ခြင်း
(၂) အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း
(၃) နစ်နာကြေးပေးစေခြင်း

(၄) လူမှုရေးပြစ်ဒဏ်အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း ကြေညာထုတ်ပြန်၍ တက္ကသိုလ် အသိုင်းအဝန်းမှ ပယ်ကျဉ်ခြင်း

(ခ) အကြိမ်ကြိမ် (သို့) တစ်ကြိမ်ထဲတွင် လူအများကို မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁)ရာထူးမှထုတ်ပယ်ခြင်း

(၂) အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း

(၃) နစ်နာကြေးပေးစေခြင်း

(၄) လူမှုရေးပြစ်ဒဏ်အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း ကြေညာထုတ်ပြန်၍ တက္ကသိုလ် အသိုင်းအဝန်းမှ ပယ်ကျဉ်ခြင်း

(၅) တက္ကသိုလ်ကောင်စီနှင့် အချိတ်အဆက်ရှိသော ပြည်တွင်းပြည်ပရှိ အခြားတက္ကသိုလ်များကို အမည်ပျက်စာရင်းသွင်းကြောင်း အသိပေးစေခြင်း

(၆) တက္ကသိုလ်သို့ လာရောက်ခွင့် ရာသက်ပန် ပိတ်ပင်ခြင်း

၂၄။ လိင်အကြမ်းဖက်မှုကို ကျူးလွန်ရာတွင် ကျူးလွန်သူသည် တက္ကသိုလ်ပြင်ပမှလူဖြစ်၍ မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁) အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း

(၂) နစ်နာကြေးပေးစေခြင်း

(၃) အမည်ပျက်စာရင်းသွင်းကြေညာ၍ အခြားမိတ်ဖက်အဖွဲ့အစည်းများသို့ အသိပေးခြင်း

(၄) တက္ကသိုလ်သို့ လာရောက်ခွင့် ရာသက်ပန် ပိတ်ပင်ခြင်း

၂၄။ လိင်အကြမ်းဖက်မှုကျူးလွန်ခြင်းကို ကိုယ်ထိလက်ရောက်မကျူးလွန်သော်လည်း တစ်ဆင့်ခံကျူးလွန်းကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ထင်ရှားပါက အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်။

(၁) ပြင်းထန်စွာသတိပေးခြင်း

(၂) အများပြည်သူသိရှိစေနိုင်သော နည်းလမ်းဖြင့်တောင်းပန်စေခြင်း

(၃) တစ်ဆင့်ခံကျူးလွန်းခြင်း သို့မဟုတ် အားပေးကူညီခြင်း ကို တစ်ကြိမ်ထက်ပို၍ ကျူးလွန်ပါက ကိုယ်တိုင်ကျူးလွန်သကဲ့သို့ သတ်မှတ်၍ တူညီသောအပြစ်ဒဏ်ပေးနိုင်သည်။

၂၅။ ပြစ်ဒဏ်အရ နစ်နာကြေးပေးစေရာတွင် တက္ကသိုလ်ကောင်စီနှင့် ခံရုံးသည် နစ်နာသူ၏သဘောထားဆန္ဒကိုပါ ထည့်သွင်းစဉ်းစား၍ စီရင်ဆုံးဖြတ်ရမည်။

၂၆။ တက္ကသိုလ်ကောင်စီနှင့် ခုံရုံးသည် ပြစ်မှုထင်ရှားကြောင်းစီရင်ခံရသူအား ပြစ်ဒဏ်များ ချမှတ်ရာ၌ ကျူးလွန်မှုအခြေအနေနှင့် အနေအထားတို့ပေါ် မူတည်၍ ပြစ်ဒဏ်များကို တစ်ခုခြင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ၎င်းတို့၏ဆင်ခြင်ထုံတရားအလျောက် သင့်လျော်သလို ချမှတ်နိုင်သည်။

၂၇။ပြစ်မှုထင်ရှားကြောင်းစီရင်ခံရ၍ တက္ကသိုလ်ကောင်စီနှင့် ခုံရုံးမှချမှတ်သော အမိန့်၊ တားမြစ်ချက် နှင့် စီရင်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက တက္ကသိုလ်ကောင်စီနှင့် ခုံရုံးသည် ကျူးလွန်သူအား ပိုမိုပြင်းထန်သော အရေးယူမှုများဆောင်ရွက်မှုများကို ဤမူဝါဒနှင့်အညီဆောင်ရွက်နိုင်သည်။

၂၈။ အဓိပ္ပါယ်ဖွင့်ဆိုချက်ပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုထက် ပိုမိုပြင်းထန်သော အကြမ်းဖက်မှုများ ဖြစ်ပွားပါက တက္ကသိုလ်ကောင်စီ အနေနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့စည်းများနှင့် ဆက်သွယ်ဆောင်ရွက်ကာ တည်ဆဲဥပဒေများအတိုင်း ရာဇဝတ်နည်းလမ်းအရ အပြစ်ပေးနိုင်ရန် စီစဥ်ဆောင်ရွက်ရမည်။

## အခန်း(၈)
## အထွေထွေပြဋ္ဌာန်းချက်များ

၂၉။ ဤမူဝါဒသည် ရန်ကုန်တက္ကသိုလ်၏ စီရင်ပိုင်ခွင့်အာဏာအတွင်း မည်သည့်အချိန်ကာလအတွင်းကမဆို ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပေါ်တွင် အာဏာသက်ရောက်မှုရှိစေရမည်။

၃၀။ တက္ကသိုလ်ကောင်စီသည် ဤမူဝါဒပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ လိင်အကြမ်းဖက်မှုကာကွယ်တားဆီးရေးနှင့် သက်ဆိုင်သော အမိန့်ကြေငြာချက်များအား အခါအားလျော်စွာထုတ်ပြန်နိုင်သည်။

၃၁။ မှားယွင်းတိုင်ကြားမှုများဖြစ်ပွားပါက တက္ကသိုလ်ကောင်စီနှင့် ခုံရုံးသည် ၎င်းမှားယွင်းမှုမှာ ရည်ရွယ်ချက်ရှိစွာ ဆောင်ရွက်ခြင်းဖြစ်ခြင်း၊ မဖြစ်ခြင်းကို ဆုံးဖြတ်၍ ၎င်းမှားယွင်းမှုသည် တစ်စုံတစ်ယောက်အား ဂုဏ်သိက္ခာပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထင်ရှားပါက ထိုသို့ဆောင်ရွက်သောသူအား သီးခြားအရေးယူဆောင်ရွက်ခြင်းများပြုလုပ်ရမည်။

၃၂။ ဤမူဝါဒအား တက္ကသိုလ်ကောင်စီမှ သင့်လျော်သည့်အချိန်ကာလတွင် ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများ ပြုလုပ်နိုင်သည်။

၃၃။ တက္ကသိုလ်ကောင်စီသည် တက္ကသိုလ်၏ ကျောင်းသား ၊ကျောင်းသူ၊ ဆရာ၊ ဆရာမ နှင့် ဝန်ထမ်းဦးရေစုစုပေါင်း၏ ထောက်ခံမှု ၅၀ ရာခိုင်နှုန်းအထက်ရှိသော အဆိုပြုလွှာကို ရရှိသည့်အခါတွင်လည်း

အဆိုပြုလွှာပါတင်ပြချက်များအတိုင်း ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများပြုနိုင်ရန် ၎င်းတို့နှင့် ဆွေးနွေးညှိနှိုင်းခြင်းများဆောင်ရွက်ရမည်။